**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၃၆/၂၀၁၇**

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက် )**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုနှင့်ပတ်သက်သည့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများအရလည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒအရလည်းကောင်း၊ နိုင်ငံ၏ စိုက်ပျိုးရေး၊ ပြည်သူများ၏ ကျန်းမာရေး ကဏ္ဍနှင့် အခြေခံအဆောက်အဦများအတွက် အရည်အသွေး ပိုမိုကောင်းမွန်သော ပစ္စည်းများ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအတွက် သတ်မှတ်ထားသည့် HS Code များအတိုင်း နိုင်ငံခြားသားကုမ္ပဏီများကို ကုန်သွယ်ခွင့်ပြုလိုက်သည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံခြားသားကုမ္ပဏီများအနေဖြင့် ဖော်ပြပါပစ္စည်းများကို ကုန်သွယ်မှုပြု ရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(က) နိုင်ငံခြားကုမ္ပဏီသည် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ရှိသည့် ကုမ္ပဏီ ဖြစ်ရမည်။

( ခ ) နိုင်ငံခြားကုမ္ပဏီအား ဖော်ပြပါပစ္စည်းများကို လက်လီ/ လက်ကားရောင်းချခွင့် ပြုသည်။

( ဂ ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် လာရောက်လျှောက်ထားပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် Form 6/26 တို့နှင့်အတူ Bank Statement တို့အား တင်ပြရမည်။

(ဃ) တင်သွင်းလာသည့်ပစ္စည်းများသည် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသော စံချိန်/ စံညွှန်းနှင့်အညီ ဖြစ်ရမည်။

(င) နိုင်ငံခြားကုမ္ပဏီများသည် ဖော်ပြပါ ကုန်ပစ္စည်းများ လက်လီ/ လက်ကား ရောင်းချရာတွင် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(စ) နိုင်ငံခြားကုမ္ပဏီများသည် ကုန်သွယ်မှုပြုရာတွင် အသုံးပြုမည့်၊ လည်ပတ်သုံးစွဲမည့် နိုင်ငံခြားငွေကို ရင်းနှီးမတည်ငွေအဖြစ် ဖော်ပြပြီး စာရင်းဖွင့်လှစ်ဆောင်ရွက်ရမည်။

၄။ နိုင်ငံခြားကုမ္ပဏီများအား ယခုခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် လက်ရှိပြည်တွင်းကုမ္ပဏီများကို သတ်မှတ်ခွင့်ပြုထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ခွင့်ပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ နိုင်ငံခြားကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုသည့် ကုန်ပစ္စည်းများစာရင်းကိုပြည်တွင်းလိုအပ်ချက်၊ ဈေးကွက်အနေအထား၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အခြေအနေ အစရှိသည်တို့အပေါ် မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားမည်ဖြစ်ပါသည်။

(ပုံ)

ဒေါက်တာသန်းမြင့်

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ / ၂ - ၁၈ / ၂၀၁၇ ( ၈ )

ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၇၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်